# နင်လားဟဲ့



နင်လားဟဲ့ဂျပန် အပိုင်း (၁၆)သို့ရောက်ခဲ့ပါပြီ။ ပရိတ်သတ်များထံမှ ကျွန်မကို တွေ့လျှင် အစ်မရဲ့နင်လားဟဲ့ဂျပန်ကို ဖတ်ပြီး ဗဟုသုတတွေ ရခဲ့ပါတယ်ဟု ဆိုကြလေတိုင်း ကျွန်မ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ထို့အတူပင် နင်လားဟဲ့ ဂျပန်ပရိသတ်ကြီး အခက်အခဲတွေအားလုံးကို ခိုင်မာမြဲမြံသောစိတ်နလုံးသားနှင့် အောင်မြင်စွာ ဖြတ်သန်းနိုင်ကြပြီး ချယ်ရီပင်ကြီးအောက်မှာ မိုမိဂျိရှက်ကလေးတွေနှင့်အတူ ဖူဂျီတောင်ကြီးကို နောက်ခံထားပြီး စသည်စသည် အိပ်မက်များဆီကို အရောက်သွားနိုင်ကြပါစေလို့ တောင်းဆုပြုလိုက်ပါတယ်ရှင်။

ဒီတစ်ကြိမ်မှာတော့ ဂျပန်မှာ တစ်နေရာကနေ တစ်နေရာကို သွားကြတဲ့အခါမှာ ကြုံရတတ်တဲ့အခက်အခဲတွေကို ဘယ်လိုဖြတ်ကျော်ကြမလဲဆိုတာလေးကို ကျွန်မရဲ့အတွေ့အကြုံများမှတဆင့် ကျွန်မသိသမျှလေးကို ပြန်လည်ဝေမျှပေးချင်ပါတယ်ရှင်။ ဘာကြောင့်လဲဆိုတော့ အချိန်လုပြီး သွားရပြီဟော့ဆိုရင် တစ်ခါတခါ မျိုးကျော့မြို့သီချင်းထဲကလို တစ်မိနစ် နောက်ကျသွားပြီ ရထားကြီး ထွက်လို့ သွားပြီတို့ လေးဖြူရဲ့ နောက်ဆုံးရထားလေး ထွက်ခွာသွားတော့ တို့ဘာတို့ဆိုတာမျိုးနှင့် ကြုံလိုက်ရပြီဆိုရင် ထွက်သွားတဲ့ရထားကြီးကို တစိမ့်စိမ့်ကြည့်ပြီး ကိုရီးယားကားထဲက အော်သလိုမျိုး အားရပါးရ အော်ပစ်လိုက်ချင်လောက်အောင် ခံစားရချက်တွေနှင့် မကြုံရစေချင်လို့ပါရှင်။ ဂျပန်ရောက်ပြီးကတည်းက ကျွန်မ အများဆုံးကြုံရတဲ့ အခက်အခဲကတော့ ရထားဘက်မှားပြီး စီးမိ




## အပိုင်း (၁၆)

# ဂျပန်

● မိအိုက အိအိချော

တာရယ် လေးဖြူရဲ့လမ်းပျောက်တဲ့နေ့ရက်များ (လျှောက်နေရင်းနှင့် ရှာမတွေ့တဲ့ လမ်းတွေ) နှင့် လုံးလည်ချာလည်လိုက်ရင်း ခြေသလုံးတွေ ကြီးကြီးလာ။ နောက်ဆုံးတော့ အရေးကြီးတဲ့ကိစ္စ တစ်ခုကို ကျွန်မသူငွေးနှင့် သံရုံးမှာ ချိန်းထားတဲ့နေ့မှာမှ တစ်မိနစ်လေး နောက်ကျသွားရတဲ့ အဖြစ်ကနေစပြီး ဘယ်လိုတောင်းပန်ရမှန်းမသိလောက်အောင်ကို တော်တော်ပြင်းပြင်းထန်ထန်လေး ခံစားလိုက်ရပြီး နောက်ပိုင်း တစ်သက်မှာ အဲ့ဒီလိုအဖြစ်ဆိုးမျိုးနှင့် ထပ်မကြုံရလေအောင် စစ်ဆင်ရေးတစ်ခုလို သဘောထားပြီး ကိုယ့်ကိုကိုယ် အများကြီးပြောင်းလဲပြင်ဆင်ခဲ့ပါတယ်။

သည်တော့ဒီနေ့ကျွန်မခရီးထွက်ခဲ့တဲ့အတွေ့အကြုံလေးကနေစပြီး ပြောပါတော့မယ်ရှင်။ ဒီနေ့ ကျွန်မ ၁၀ နာရီဆယ်မိနစ် ရှင်းကန်းဆန်နှင့် Okayama (岡山) ကိုသွားဖို့အတွက် မနက် ၇ နာရီခွဲမှာအိပ်ယာကထမယ်လို့ပြင်ဆင်ခဲ့ပေမယ့် လို့ တကယ်တမ်း ထလိုက်နိုင်တာက ၈ နာရီ။ ဒါ့အပြင် ဘာတွေနှင့် အချိန်ကုန်လို့ ကုန်သွားမှန်း မသိလောက်အောင်ပဲ ဖြစ်သွားပြီး နာရီကြည့်လိုက်တော့ ၉ နာရီ။ သွားပြီ။ တစ်နာရီနှင့်ဆယ်မိနစ်ဆိုတဲ့အတောအတွင်းမှာ မိဇအဲကနေ တိုကျိုကို ပြေးဖို့ဆိုတာ မှီမလား မမှီဘူးလား ဆိုတာကတော့ ၅၀ ၅၀ ပါပဲ။ နည်းနည်းလေးမှကို အတိမ်းအစောင်း မခံနိုင်တဲ့အခြေအနေမျိုးပါ။ သည်တော့ဘာလုပ်ရမလဲ။ အရှင်းဆုံးပြောရမယ်ဆိုရင်တော့ ပြေးဖို့လမ်းတစ်ခုက လွဲပြီး ရွေးစရာမရှိ။ သည်တော့ပြေးပြီပေါ့။ Luggage မှာကွန်ပျူတာကို ချိတ်ပြီး ကျွန်မရေးခဲ့သလိုမျိုး ကျော့ကျော့လေးမဟုတ်ပဲ ဒလမန်းကြမ်း ကျား

လိုက်သလိုမျိုး ပြေးရပါပြီ။ ဒီလိုနဲ့ပဲဘူတာကို ရောက်တော့ ၉ နာရီ ထိုးပြီးငါးမိနစ်။ ကိုယ့်ကို ကိုယ် ဂုဏ်ပြုလိုက်မိပါရဲ့ တယ်လည်းမြေခွမ်း တက်လာပါလားပေါ့။ အရင်က ၁၅ မိနစ် လျှောက် ရတဲ့ခရီး အခု ၅ မိနစ်နှင့်အရောက် ပြေးနိုင် တယ်ဆိုတော့ ကိုယ့်ကိုကိုယ် ယုံတောင် မယုံချင်။

သည်လိုနှင့် ဝမ်းသာလို့ မရသေးခင်မှာပဲ ဂိတ်ကို ဖြတ်ဖို့ ရထားစီးကာဒ် (Pasmo) ကတ်ကို ရှာလိုက်တဲ့အချိန်မှာ သိလိုက်ပြီ။ သေပြီဆရာပဲ။ စလင်းဘတ် အိတ်အရှိန်းမှာ ဒီဘက်အိတ်ထဲ ပြောင်းမထည့်ခဲ့မိပြန်ပါလား။ သည်လိုနှင့် ကတ် တွေ လုပ်ရပေါင်းများတော့ စုစုပေါင်း ကျွန်မမှာ မေ့ပြီး မထည့်မိလိုက်ရင်း အသစ်ပြန်လုပ်ရင်းနှင့် အားလုံးပေါင်း လေးကတ်တောင် ရှိသည်။ ကပျာကယာ ဟိုနှိုက်ဒီနှိုက်နှင့် ရှာလိုက်တော့ ကတ်အဟောင်း တစ်ကတ် သွားတွေ့သည်။ အားရဝမ်းသာစွာနှင့် ကတ်ထဲကို ပိုက်ဆံ ထည့် ပြီး ဖြတ်တော့ ၉ နာရီဆယ်မိနစ် ကိုယ့်ဘက်မှာ တစ်နာရီပဲကျန်တော့သည်။ စိတ်ဓာတ်နည်းနည်း တော့ကျသွားသည်။ မှီမှမှီပါတော့မလားပေါ့။ ဘာပဲဖြစ်ဖြစ်နောက်ဆုံးတစ်စက္ကန့်အထိကြိုးစား ကြည့်တာပေါ့။ မမှီတော့လည်း ကျန်ခဲ့ရုံအပြင် မရှိ။ သည်တော့ transit.yahoo.co.jp ကို နှိပ်ပြီး ရှာသည်။ သည် website ကလေးကို ဗီယက်နမ် သူငယ်ချင်းမလေးက download ဆွဲပြီး ထည့် ပေးခဲ့ခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံတလွှား ကိုယ်သွားချင်သည့် နေရာကို ရှာရတာ အရမ်း အဆင်ပြေပါသည်။ 出発 (しゅっぱつ) စတင်ထွက်ခွာမည့်နေရာ ကျွန်မရထားစောင့်နေသည့်ဘူတာက Mizue eki ကို ရိုက်ထည့်လိုက်ပြီးလျှင် 到着(とうちゃく) မိမိသွားချင်သည့်နေရာကို ရိုက်ထည့်လိုက်ပြီး အောက်ဆုံးနားက 検索 (けんさく) ဆိုသည့် လိမ္မော်ရောင်အကွက်လေးကို နှိပ်လိုက်မယ်ဆို ပါလျှင် ကြာမည့်အချိန် ကျသင့်ငွေနှင့် ရထား ဘယ်နှစ်ခါပြောင်းစီးရမည်စသည်တို့ကိုစီးရမည့် စကြံန်နံပါတ်ပါမကျန် အသေးစိတ်ကို နှစ်မျိုး သုံး မျိုးထက်မက ရှာပေးပါလိမ့်မည်။ သည်အထဲကမှ ကိုယ်သွားလို့ အဆင်ပြေမည့်လမ်းကို ရွေးချယ် ပြီးမှ သွားရန်ပဲ ဖြစ်ပါသည်။ သည်တော့ ဂျပန် ရောက်ပြီဆိုသည်နှင့် အဆိုပါ Software ကို Download ဆွဲပြီးထည့်ထားလိုက်မည်ဆိုပါလျှင် သွားရေးလာရေးအတွက် အတန်ငယ်စိတ်အေး ရလိမ့်မည်ဟု ထင်မြင်မိပါသည်။ သည်လိုနှင့် ကျွန်မရှာကြည့်လိုက်သောအခါအများကြီးထွက် ချလာတော့ အဆင်ပြေမည်ထင်တာလေးနှစ်ခု ကို အရင်ရွေးလိုက်ပါသည်။ တစ်ခုက ၃၇ မိနစ် ကြာမည့်ခရီး ၉ နာရီ ၅၂ မိနစ်မှာ တိုကျိုကို ရောက်မည်။ နောက်တစ်ခုက ၃၂ မိနစ်ကြာမည် ၉ နာရီ ၄၇ မိနစ်မှာ တိုကျိုကို ရောက်မည်။ ရှင်းကန်းဆန်က တိုကျိုဘူတာမှာ စီးရမှာ ဖြစ် သည်။ သည်တော့ ကျွန်မက ဒုတိယလမ်းကို ရွေးလိုက်သည်။ ပထမလမ်းက အလုပ်သွားတိုင်း အမြဲတမ်းသွားနေကျ ဖြစ်သောကြောင့် ဘယ် နေရာဘာရှိတယ်ဆိုတာကို ကျေကျေညက်ညက် သိထားသော်လည်း ရထားပြောင်းအစီးမှာ လမ်း လျှောက်ရမှာ နည်းနည်းဝေးသည့်အပြင်မှာမှ



CamScanner

အတက်အဆင်းလေ့ကားတွေက များသည်။ သည်တော့ Luggage ကြီးတကားကားနှင့် လူတွေကြားမှာအချိန်မသင့်လျှင်နောက်ကျသွားနိုင်သောကြောင့် ဖြစ်ပါသည်။

ဒုတိယလမ်းကတော့ တစ်ကြိမ်ပဲ သွားဖူးသောလည်း ရထားပြောင်းစီးရမည်ဖြစ်သော်လည်း လမ်းအဝေးကြီး လျှောက်စရာမလိုသည့်အပြင် ငါးမိနစ် ပိုစောရောက်နိုင်မည့်လမ်းဖြစ်သည်။ သို့သော် သွားနေကျလမ်းမဟုတ်သည့်အတွက် ရှာရသည်မှာ နည်းနည်းအခက်အခဲရှိကောင်းရှိနေနိုင်မည်ဖြစ်သော်လည်း စိန်ခေါ်ကြည့်ရုံကလွဲပြီး အခြားမရှိ။ သို့သော် ကိုယ့်မှာ ငါးမိနစ် မှားခွင့်တော့ ရှိသည်။ သည်တော့ စထွက်သည်။ 馬喰横山駅 ကို ရောက်တော့ JR 総武線ကို အသည်းအသန်ရှာသည်။ ဘူတာရုံဝန်ထမ်းကို မေးရအောင်ကလည်း ယနေ့နှစ်သစ်ကူးနေ့ဖြစ်သောကြောင့် ကောင်တာပိတ်ထားပါသည်ဟု စာကပ်ထားပါသည်။

သည်တော့ အရင်လို မေးချင်တိုင်း မေးလို့မရတော့ပြီဖြစ်သောကြောင့် ကိုယ့်အားကိုယ်ကိုးဖို့ဆိုသည့်ထုံးကို နှလုံးမူပြီး အပြေးအလွှားအသည်းအသန် ရှာရပါတော့သည်။ နောက်ဆုံးတော့ ငါးမိနစ်ခန့်နောက်ကျပြီးမှ ဘူတာကိုရောက်လာချိန်မှာ ရထားနောက်မြီးပင် မမြင်လိုက်ရတော့ပါ။ သည်တော့ နောက်ရထားတစ်စင်းကိုစောင့်ပြီးမှ စီးလိုက်ရတော့ တိုကျိုကို ရောက်ချိန်မှာ ၁၀ နာရီနှင့်တစ်မိနစ်။ သည်တော့ ကိုးမိနစ်နှင့်ကျည်ဆန်ရထားဆီကို အရောက်သွားဖို့၊ နောက်ဆုံးကိုးမိနစ် ဘယ်လိုမှ မှားလို့ မဖြစ်တော့ပါ။ သည်တော့ ရထားတံခါးပွင့်ပြီး တိုကျိုဘူတာကို ခြေချလိုက်ပြီဆိုကတည်းက ရှုပ်ထွေးနေတဲ့လူတွေကို ဖြတ်ပြီး ပြေးနိုင်သလောက်ပြေးရင်း မျက်လုံးကလည်း ကျည်ဆန်ရထားစီးရန် လမ်းညွှန်ပြထားသော မြားကို မလွတ်တမ်းကြည့်ရင်းက သေပြေးရှင်ပြေး။ သည်လိုနှင့်နောက်ဆုံးမှာတော့ ဆန့်ကျင်ဘက်အရပ်နှစ်ခုလုံးကိုမြားပြထားသည့်ရှင်းကန်းဆန်စီးရန် အဝင်ဂိတ်ရှေ့ကို ကျွန်မ ရောက်ခဲ့ပါပြီ။


ဘယ်ကို ရွေးချယ်လို့ ရွေးချယ်ရမှန်း မသိဖြစ်နေချိန် မျက်စိရှေ့တည့်တည့်မှာ တာဝန်ကျယူနီဖောင်းဝတ်ရထားဝန်ထမ်းကို တွေ့လိုက်ရချိန်မှာ ဝမ်းသာအားရ အမိအရပြေးပြီး လက်မှတ်ကို ပြပြီး ဘယ်ဂိတ်က စီးရမှာလဲဟု မေးတော့ စီးရမည့်ဂိတ်ကို လမ်းညွှန်ပေးသည်။ သည်တော့ လေ့ကားထစ်များကို Luggage တစ်ဖက်နှင့် အသားကုန်ပြေးတတ်ရသည်။ လမ်းမှာလည်း ဂိတ်တစ်ဂိတ်ပြီး တစ်ဂိတ်ဖြတ်တိုင်းမှာ ရထား



CS CamScanner


ဝန်ထမ်းတွေကို လက်မှတ်ကလေးပြပြီး သေချာအောင်မေးရင်း ဆက်ပြေးရင်းနှင့် နောက်ဆုံးလှေကားထစ်ကို တက်အပြီးမှာ ကျည်ဆန်ရထားကို ဘွားခနဲမြင်လိုက်ရသည်။ ရထားနားမှာ မေးစရာဘယ်သူ့ကိုမှ မတွေ့ဖြစ်နေချိန်မှာပဲ Announcer ကြေညာသံကို ကြားလိုက်ရသည်။ ရထားထွက်တော့မည်။ ရထားတံခါး ပိတ်တော့မည်။ သည်တော့ မဝင်လို့မဖြစ်တော့ပြီ။ ဖြစ်ချင်ရာဖြစ် အပြင်မှာ ကျန်နေရစ်ခဲ့တာထက်စာရင် အထဲ ရောက်သွားပြီးဘယ်လိုပဲဖြေရှင်းရဖြေရှင်းရ။ နောက်ဆုံးစက္ကန့် ဆုံးဖြတ်ချက်ကို ဒုန်းခနဲချပြီး ရထားထဲကို ဝင်လိုက်ချိန်မှာ ရထားဝန်ထမ်းနှင့် ဝင်တိုက်မိသည်။ မတောင်းပန်နိုင်သေးဘဲ အမောတကောနှင့် ဒီလက်မှတ်နှင့် ဒီရထားကိုက်လားဟု မေးအပြီး ခေါင်းအညိတ် တံခါးလည်းအပိတ်။ ကျွန်မလည်း အခုမှပဲ စိတ်ကို ဒုံးဒုံးချလိုက်နိုင်ပါတော့သည်။

ဩော် အောင်မြင်စွာရောက်ခဲ့နိုင်ပါပြီ။ သည်ခရီးကို။ နောက်တော့ ရှင်းကန်းဆန်ကို သုံးနာရီကြာစီးအပြီးမှာ Okayama ကို ရောက် အဲဒီကမှ ဘတ်စ်ကားနှင့်မိနစ် ၂၀ လောက်ဂိတ်ဆုံးအထိစီး新岡山港ကိုရောက် အဲဒီကမှတဆင့် သင်္ဘောနှင့် တစ်နာရီနှင့်ဆယ်မိနစ်ကြာ ဆက်စီးပြီးမှ နောက်ဆုံးတော့ ရေပတ်လည်ဝိုင်းရံထားသည့် သာယာလှပသည့် 小堂島 ကို ရောက်ခဲ့ရပါတော့သည်။ သင်္ဘောကုန်းပတ်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်ချိန်မှာ ကျွန်မကို လက်ကလေး ဝှေ့ယမ်းပြနေသည့်ကြိုသူကို တွေ့လိုက်ရချိန်မှာတော့ ကျွန်မ အတိုင်းမသိပျော်လိုက်ရသည် ဖြစ်ခြင်း ။ သည်တော့ ကျွန်မ အထူးပြောလိုသည်မှာ ဂျပန်မှာ ကိုယ်သွားနေကျမဟုတ်သည့် နေရာကို သွားရတော့မည်ဆိုပါလျှင် ဘူတာရုံဝန်ထမ်းကို သေသေချာချာမေးပြီးမှ သွားတာ အကောင်းဆုံးဖြစ်ပါသည်။ စီးရမည့်ရထားလိုင်းကို မေးရုံတင်သာမက တလက်စတည်း စကြ်န်နံပါတ်ပါ မေး





CamScanner



လိုက်လျှင် ရထားဘက် မှားစီးမိသည့်အဖြစ်မျိုးနှင့်လည်းမကြုံနိုင်တော့ပါ။ ထို့အပြင် တကယ်ကြာမည့် ဖော်ပြထားသည့်အချိန်ထက် ဖြစ်နိုင်လျှင် အနည်းဆုံးနာရီဝက်ခန့် စောထွက်တာက အကောင်းဆုံးပဲ ဖြစ်ပါသည်။

သို့မှသာ မိမိစီးရမည့်ရထားလိုင်းကို ရှာဖွေရန်နှင့် တစ်ခုခုမှားသွားလျှင်လည်း ပြန်လည်ပြင်ဆင်နိုင်ဖို့ အချိန်ရနိုင်မည်ဖြစ်သောကြောင့်ပဲ ဖြစ်ပါသည်။ သြော် ဘဝဆိုသည့်ပြေးလမ်းထက်မှာလည်း ကျွန်မတို့ သူသူကိုယ်ကိုယ်သည်လိုအဖြစ်မျိုးတွေနှင့် ကြုံဖူးကြလိမ့်မည်ဟုထင်ပါသည်။ အချိန်ကိုက် လုပ်ဆောင်ရမည့်အရာတစ်ခုအတွက် ကျွန်မတို့လမ်းများရွေးချယ်ကြရသည်။ ကိုယ်ရွေးမည့်လမ်း မှန်ကန်နိုင်ဖို့အတွက် ကျွန်မတို့မှာ မှန်ကန်သည့် ပြတ်သားသည့်ဆုံးဖြတ်ချက်များ အချိန်မီ ချမှတ်နိုင်ဖို့ လိုအပ်သည်။ အထူးသဖြင့် ကျဉ်းထဲကြပ်ထဲရောက်သည့်အချိန်မှာဆုံးဖြတ်ချက်တစ်ခုသည်အသက်ပမာအရေးကြီးသည်။ ပြီးလျှင်တော့ မိမိဆုံးဖြတ်ချက်အတိုင်း နောက်ဆုံးစက္ကန့်အထိ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့်အတူ အရောက်သွားရဲသည့်သတ္တိမျိုး ထားရှိနိုင်ရမည်။ သို့မှသာအောင်မြင်မှုလမ်းဆီသို့ အရောက်လှမ်းနိုင်မည်ဟု ကျွန်မတွေးလိုက်မိပါသည်။

ထိုအတွက် ကြိုတင်ပြင်ဆင်မှုသည်လည်း ဘဝအတွက် နောင်တတရားများကို ဖယ်ရှားပေးနိုင်သည့်အစွမ်းသတ္တိကို ပေးစွမ်းနိုင်သည့်အရာဟု ကျွန်မ သဘောပေါက်နားလည်မိပါသည်။ ထို့ကြောင့် နှစ်သစ်တွင် တစ်ယောက်ထဲ ထွက်ခဲ့သည့်ခရီးတစ်ခုအပေါ်မှာ အခြေခံပြီး ကျွန်မသည်လည်း အသစ်အသစ်ဖြစ်သော တွေးမြင်သုံးသပ်မှုများစွာတို့နှင့်အတူ ဟိုယခင်က ရှိခဲ့ဖူးသည့် ကြောက်စိတ်ကလေးများကိုပါ ပယ်သတ်နိုင်ခဲ့ပြီဟု နားလည်သဘောပေါက်ခဲ့ရပါသည်။



CS CamScanner